Chin National Community - Japan
在日チン族協会
ချင်းတိုင်းရင်းသားများအဖွဲ့အစည်း – ဂျပန်
http:// www.cncjp.org

Date: 15th February 2008

# ကရင့်အမျိုးသားအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး
# နှင့်
# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ခေါင်းဆောင်
# တိုင်းရင်းသားများ၏ ထင်ရှားသောခေါင်းဆောင်ကြီး
# ပဒိုမန်းရှာလားဖန်း
# ကျဆုံးကွယ်လွန်ခြင်းနှင့်ပတ်သက်၍ ဝမ်းနည်းကြေကွဲခြင်း



ပဒိုမန်းရှာလားဖန်း
(၆၄) နှစ်

ကရင့်အမျိုးသားအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ခေါင်းဆောင်၊ တိုင်းရင်းသားများ၏ ထင်ရှားသောခေါင်းဆောင်ကြီး ပဒိုမန်းရှာလားဖန်း သည် ၂၀၀၈ ခု၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့၊ မွန်းလွဲ ၄ နာရီ ၄၀ မိနစ်ခန့်တွင် မသမာသူများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် သတင်းကိုကြားသိရ၍ ကျွန်ုပ်တို့ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) အဖွဲ့ဝင်များအားလုံးသည် တုန်လှုပ်ခြောက်ခြားခဲ့ရပါသည်။ အစားထိုး၍မရနိုင်သော ခေါင်းဆောင်ကြီးတစ်ဦး ဆုံးရှုံးလိုက်ရသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။ ခေါင်းဆောင်ကြီး ပဒိုမန်းရှာ၏ ၁၉၆၃ ခုနှစ်မှစ၍ ယနေ့တိုင်အောင် တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးရရှိရေး၊ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ လူ့အခွင့်အရေးနှင့်မြန်မာပြည်ဒီမိုကရေစီအရေးလှုပ်ရှားမှုကြီးတွင် စွမ်းစွမ်းတမံအနစ်နာခံ၊ စွန့်လွှတ်ပေးဆပ်မှုများသည် သမိုင်းတွင်ကျန်ရစ်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီး ကျဆုံးကွယ်လွန်ခြင်းအတွက် ကရင့်အမျိုးသားအစည်းအရုံးအဖွဲ့ဝင်များ၊ ကရင်အမျိုးသားများအားလုံး၊ ကျန်ရစ်သူမိသားစုများနှင့်အတူ ကျွန်ုပ်တို့ ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)မှ အဖွဲ့ဝင်များအားလုံးသည် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)
CNC - Japan